
# ကံကောင်းခြင်းနှင့် ငါးကလေး ပီးပေါ့



# Plek Plork the Lucky Little Fish
# ကံကောင်းခြင်းနှင့် ငါးကလေး ပီးပေါ့

Author: Ms. Nguon Sakal
Illustrator: Mr. Seng Visal

Editor: လူသာမန်
Translators: ဦးဖြိုး၊ တီတီအိ-မအူပင်၊ ခေတ်ဘုန်းသစ်

MM-ABP-19-0046
Copyright © 2013 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Cambodia by Room to Read in 2013
First Myanmar Language Edition
ISBN – 978-99971-54-59-0

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read ® provides
technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Cambodia, #111, Street 566,
Boeng Kak II, Tuol Kok, Phnom Penh, Cambodia
Tel. 023 881 161 / 881 171,
E-mail: cambodia@roomtoread.org

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com


ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

# ကံကောင်းခြင်းနှင့် ငါးကလေး ပီးပေါ့်






မနက်ခင်းတစ်ခုမှာ ငါးကလေး ပီးပေါ့ဟာ
သူ့မေမေနဲ့အတူ ရေတိမ်တိမ်လေးထဲ
ကူးခတ်နေကြတယ်။ "ဟိုဘက် ရေနက်နက်ထဲ
သွားကူးကြရအောင် မေမေ" လို့ ပီးပေါ့လေးက
ပြောလိုက်တယ်။



“အခုထက် ပိုပြီးကူးနိုင်ဖို့အတွက် လေ့ကျင့်မှုတွေ
လုပ်ရဦးမယ်” လို့ မေမေက ပြန်ပြောတယ်။
“အရင်ဆုံး ရေတိမ်တိမ်မှာ ဘယ်လို
ကူးရမလဲဆိုတာ သင်ရမယ်။ ပြီးမှ ရေနက်နက်ထဲ
ကူးကြည့်လို့ ရမယ်လေ”



ပီးပေါ့လေး ပျင်းလာပြီ။ "မေမေ ဟိုမှာ ကြည့်ပါဦး။
သူများတွေ ရေနက်နက်ထဲမှာ ပျော်နေကြတာ။
သားလည်း ရေနက်နက်ထဲ သွားဆော့ချင်တယ်"
လို့ သူ့မေမေ့ကို ပြောလိုက်တယ်။ ဒါပေမယ့်
မေမေက ခေါင်းခါပြတယ်။



ပီးပေါ့က ငိုသံကြီးနဲ့ ထပ်ပြောလိုက်တယ်။
"မေမေ... သား ရေနက်နက်ထဲမှာ အရမ်းအရမ်းကို
ကစားချင်နေပြီ"



"မသွားရဘူး ပီးပေါ့။ မေမေ ပြောပြီးပြီလေ။
အခုအချိန်မှာ သားအတွက် ရေနက်နက်ဟာ
အရမ်း အန္တရာယ်များလွန်းနေသေးတယ်။
ရေတိမ်တိမ်မှာ လေ့ကျင့်ရဦးမယ်"လို့
ပြန်ပြောတယ်။

ပီးပေါ့ဟာ စိတ်ဆိုးဆိုးနဲ့
သူ့မေမေနောက်ကနေ
လိုက်ကူးလာတယ်။



ရေနက်နက်ထဲမှာ တခြားငါးကလေးတွေ
ကစားနေတာ၊ လေ့လာစူးစမ်းနေတာတွေကို
ကြည့်နေရင်း ပီးပေါ့က သူ့ဘာသာသူ
တွေးနေမိတယ်။ “ငါ ရေနက်နက်ထဲ ကူးကြည့်ဖို့
လုံလောက်တဲ့ လေ့ကျင့်မှုတွေ
လုပ်ခဲ့ပြီးလောက်ပြီ”




မေမေက တစ်ဖက်မှာ တခြားငါးကလေးနဲ့
အလုပ်ရှုပ်နေတုန်း ပီးပေါ်က
အခွင့်အရေးကို အပြည့်အဝ
အသုံးချလိုက်တယ်။ ရေနက်ပိုင်းထဲကို သူ
မြန်မြန် ကူးသွားလိုက်တယ်လေ။

"ဝိုး.... အရောင်အသွေးစုံစုံနဲ့
စိတ်လှုပ်ရှားစရာကြီးပဲ"



ကူးရင်းကူးရင်းနဲ့ ရေက နက်သထက်
နက်လာတယ်။ ပီးပေါ့ကတော့ ရှာဖွေစူးစမ်းဖို့
စိတ်တွေသာ ပိုမိုလှုပ်ရှားလာတယ်။






ဒီလို ကူးလာရင်းနဲ့ပဲ ခပ်လှမ်းလှမ်းမှာ
တစ်စုံတစ်ခုကို မြင်လိုက်ရတယ်။ "တောင်ပို့
မည်းကြီးပဲ ဖြစ်ရမယ်" လို့ တွေးပြီး တောင်ပို့ကြီး
ရှိရာဆီ ကူးခတ်သွားတယ်။



ရုတ်တရက် ဧောင်ပို့မည်းကြီးက ဒေါသမျက်လုံးနဲ့ ကြည့်လာတယ်။ ပီးပေါ့လည်း အရမ်းကြောက်သွားတယ်။ “ကယ်ကြပါဦး၊ ကယ်ကြပါဦး” လို့ အော်ပြီး မြန်နိုင်သမျှ မြန်မြန် ကူးလိုက်တယ်။



အမှန်တော့ သူထင်တဲ့တောင်ပို့မည်းကြီးဆိုတာ
အရမ်းကို ကြီးမားလွန်းတဲ့ ငါးကြီးတစ်ကောင်ပါ။
ငါးကြီးက သူ အိပ်နေတာကို လာနှောင့်ယှက်လို့
ပီးပေါ့ကို အရမ်းစိတ်ဆိုးသွားတယ်။




ပီးပေါ့လည်း ငါးကြီးလက်က လွတ်အောင်
မြန်နိုင်သမျှ မြန်မြန် ကူးတယ်။




ဒီလို ပြေးရင်းနဲ့ပဲ ပီးပေါ့ဟာ ကျောက်တုံး
နှစ်တုံးကြားက လွတ်နေတဲ့နေရာလေးတစ်ခုကို
တွေ့လိုက်တယ်။ သူ ဝင်ပုန်းလိုက်တယ်။






ငါးကြီးက သူ့ရဲ့ ရှည်လျားတဲ့နှုတ်သီး၊
သန်မာတဲ့အမြီးတွေကို သုံးပြီး ပီးပေါ့ကို ဖမ်းဖို့
ကြိုးစားတယ်။ ဒါပေမယ့် ဖမ်းလို့ မရပါဘူး။



ငါးကြီးက လုံးဝကို လက်မလျှော့ဘူး။
ကျောက်တုံးနားမှာ အမြီးကို အားကုန်သုံးပြီး
ရေတွေကို မွှေလိုက်တယ်။



မွှေလိုက်တဲ့ ရေအရှိန်ဟာ ပီးပေါ့ကို
တွန်းထုတ်လိုက်သလို ဖြစ်သွားပြီး သူ ပုန်းနေတဲ့
နေရာကနေ အပြင်ကို လွင့်ထွက်သွားစေတယ်။
ပီးပေါ့လေးဟာ အရမ်းကို ပင်ပန်းနေပါပြီ။




ငါးကြီးက ပီးပေါ့ကို စားဖို့ ပါးစပ်ကြီးကို
ဟလိုက်တယ်။ ပီးပေါ့လည်း
ကြောက်လန့်တကြားနဲ့ အကျယ်ကြီး
အော်ပစ်လိုက်တယ်။

စက္ကန့်ပိုင်းအတွင်းမှာပဲ မေမေရောက်လာပြီး
ပီးပေါ့ကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။



“ဒီရေအောက် ကမ္ဘာကြီးက အကြီးကြီးပဲ။ နေရာလှလှတွေလည်း ရှိတယ်။ ဒါပေမယ့် ဒါတွေကို မစူးစမ်းခင်မှာ လေ့လာသင်ယူဖို့ အချိန်နဲ့ ခံနိုင်ရည်ရှိဖို့ အင်အားတွေ လိုအပ်တယ် သား” လို့ ပီးပေါ့ကို မေမေက ဆုံးမတယ်။




Mommy and Plek Plok, her little son are swimming in shallow waters in the sea. Plek Plok sees bigger fish playing happily in the deep waters and wants to join them. Mommy warns he is too young to explore the deep waters, but Plek Plok goes anyway. What happens to him?

စာရေးသူ -



Ms. Nguon Sakal သည် ၁၉၅၅ ခုနှစ်တွင် Kompong Cham ဒေသ၌ မွေးဖွားခဲ့သည်။ သူမသည် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ လူငယ်နှင့် အားကစားကဏ္ဍရှိ ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးတွင် တာဝန်ယူ လုပ်ကိုင်လျက်ရှိသည်။ သူမသည် အဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သော ဝတ္ထု၊ ကဗျာ၊ ကလေးစာပေရေးသားခြင်း သင်တန်းများစွာကို တက်ရောက်ဆွေးနွေးခဲ့သည်။ သူမသည် စာရေးသားခြင်းအပြင် ကလေးစာအုပ်များ သရုပ်ဖော်ရေးသားခြင်းကိုလည်း လေ့လာနေသူတစ်ယောက် ဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက SIPAR, Room to Read ကဲ့သို့သော အဖွဲ့အစည်းများအတွက် များစွာသော ကလေးပုံပြင်များကို ထုတ်ဝေနိုင်ခဲ့သည်။

သရုပ်ဖော် ရေးဆွဲသူ -



Mr. Seng Visal သည် ၁၉၈၈ ခုနှစ်တွင် မွေးဖွားပြီး Royal University တွင် အနုပညာဘာသာရပ်ကို လေ့လာလျက်ရှိသည်။ သူသည် ကမ္ဘောဒီးယား အနုပညာသူငယ်ချင်းများအသင်းတွင် ပန်းချီပညာကို လေ့လာခဲ့သည်။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ လူငယ်နှင့် အားကစားကဏ္ဍရှိ ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးတွင်လည်း တာဝန်ယူ လုပ်ကိုင်လျက်ရှိသည်။ သူသည် ၂၀၀၇ ခုနှစ်မှစတင်ကာ Room to Read နှင့် အခြားအဖွဲ့အစည်းများမှ စီစဉ်ကျင်းပသည့် သရုပ်ဖော်ရေးဆွဲသူများ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့သည်။

မေမေနဲ့ သားလေး ပီးပေါ့တို့ဟာ ရေတိမ်တိမ်မှာပဲ
ရေကူးနေကြတယ်။ ပီးပေါ့က တခြားငါးလေးတွေ
ရေနက်နက်ထဲ ကူးပြီး ပျော်နေကြတာမြင်တော့ သူပါ
ကူးချင်လာတယ်။ မေမေကတော့ ရေနက်နက်ထဲ သွားကူးဖို့
ငယ်သေးတယ်လို့ ပီးပေါ့ကို သတိပေးတယ်။ ဒါပေမယ့်
ပီးပေါ့ဟာ မေ့မေ့စကားကို နားမထောင်ဘဲ အလစ်မှာ
ရေနက်နက်ထဲ ခိုးထွက်သွားတဲ့အခါ...။